+ထီလင်းကျေးရွာ

ဟိုပုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ထီလင်းကျေးရွာ၊ ဟိုပုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၂၂ ခုနှစ်၊ ဇူလိုင် လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | စကားချီး | |
| | ကျေးရွာ သယံဇာတပြမြေပုံ၊ | |
| | ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ | |
| | ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊ | |
| | အပိုင်း (က) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ | |
| ၁။ | တည်နေရာနှင့် ပထဝီဝင် အနေအထား | |
| ၂။ | ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ | |
| ၃။ | လူဦးရေဆိုင်ရာ အချက်အလက်များ | |
| ၄။ | ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ | |
| ၅။ | စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| | (ဃ)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | |
| ၆။ | အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| ၇။ | ပညာရေး | |
| ၈။ | ကျန်းမာရေး | |
| ၉။ | ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | |
| ၁၀။ | ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ | |
| ၁၁။ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး | |
| ၁၂။ | ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး | |
| ၁၃။ | ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ | |
| | အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် | |
| | စီမံချက် အဆိုပြုလွှာ (၁) | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂ခုဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါ ယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာ ဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစုနှစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းပို့ချပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၂
**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ထီလင်းကျေးရွာ၊ ဟိုပုံးမြို့နယ်**

စငေါကျးရွာအုပ်စု၊ထီလင်းကျးရွာသယ်ဇာတပြမြေပုံ


# စငေါ်ကျေးရွာအုပ်စု၊ထီလင်းကျေးရွာရာသီခွင်ပြမြေပုံ

## ရာသီခွင်ပြပြက္ခဒိန်

ထီလင်း ကျေးရွာ၊ စငေါ် ကျေးရွာအုပ်စု

ရက်စွဲ၊ 29-7-2022

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု | | | | | | | | | | | | |
| အလုပ်အကိုင် | | | | | | | | | | | | = |
| လက်လုပ်လက်စားမိသားစုဝင်ငွေရရှိမှု | | | | | | | | | | | | |
| အသုံးစရိတ် | | | | | | | = | — | — | — | | |
| ဈေးငွေလိုအပ်မှု | | | | — | — | — | — | — | — | — | | |
| ဝမ်းစာဖူလုံမှု | | | | | | | | | | | | |
| သောက်သုံးရေရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်အစာရရှိမှု | | | | | | | | | | | | |
| တိရစ္ဆာန်ရောဂါကျရောက်မှု | | — | — | — | — | — | — | — | — | — | — | |
| ကျန်းမာရေးအခြေအနေ | | | — | — | — | — | — | — | — | — | | |
| သီးနှံပိုးမွှားရောဂါကျရောက်မှု | | | | | | | — | — | — | — | — | — |
| ပွဲတော် | | | | — | — | — | | | | — | | |
| သဘာဝဘေးအန္တရာယ်ကျရောက်မှု | — | — | — | — | — | — | — | — | — | — | — | — |


27-7-2022
ရွာ

## အပိုင်း (က)

## ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

### ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ထီလင်းကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ဟိုပုံးမြို့နယ်၏စငေါကျေးရွာအုပ်စုတွင်တည်ရှိပါသည်။ဟိုပုံးမြို့၏အရှေ့ဘက် (၈)မိုင်ခန့်သာဝေးပြီး ကျေးရွာ၏အနောက်တွင် တောင်တန်း ၊ အရှေ့ဘက်တွင်တောင်တန်း၊မြောက်ဘက်တွင် တောင်ယာခြံများ၊တောင်ဘက်တွင် ထီဗွာကျေးရွာနှင့်ခြံများတည်ရှိပါသည်။ မြေပြန့်ဒေသ ဖြစ်ပြီး ပအိုဝ်းလူမျိုးများ အများဆုံးနေထိုင် ကြပါသည်။

### ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ထီလင်းကျေးရွာ၏ ရာသီဥတုမှာ ဆောင်းရာသီတွင်အေးမြစိုစွတ်ပြီးမိုးရာသီနှင့် နွေရာသီတွင်ပူပြင်းသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သောမြေဧရိယာမှာ လယ်မြေ ယာမြေ/တောင်ယာမြေနှင့်ဥယျာဉ်ခြံမြေ(၁၇၆)ဧကခန့်သာ ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် ခါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ သစ်တောများ ပြုန်းတီးမှု များလာသဖြင့် ကျီးကန်း၊တောဝက်၊တောကြက်၊ယုန်၊တောကြောင် စသည့်သဘာဝတိရစ္ဆာန် မျိုးစိတ်များအား ယခင်ကတွေ့ရှိရ သော်လည်း ယခုအခါရှားပါးနေ ပြီဖြစ်ပါသည်။ အပင်မျိုးစိတ်များအနေဖြင့် ဝါးပင်အမျိုးမျိုးကို ယခုအချိန်ထိ မြို့သို့ သွားရောက်ရောင်းချ လျက်ရှိပါသည်။

### ၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ထီလင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း(၇၇)စုရှိပြီးကျား(၁၅၆)၊မ(၁၈၉)ဦးဖြင့် လူဦးရေပေါင်း(၃၄၅)ဦးရှိကာ တစ်အိမ်ထောင်လျှင် နိုင်ငံတော်၏ တစ်အိမ်ထောင်ပျှမ်းမျှနှုန်း (၄)ဦးနှုန်းရှိပြီး (၅)ဦးနှုန်းအောက်လျော့နည်းသည်။ကျေးရွာတွင် ပအိုဝ်းလူမျိုးများအများဆုံး နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာလူဦးရေ၏(၇၈%)ရှိသဖြင့် လူသားအရင်းအမြစ်ကောင်း တစ်ရပ်ဖြစ်ကာ လူငယ်များကိုလေ့ကျင့်ပျိုးထောင်ပေးပြီး ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။အလုပ်လုပ်နိုင်သော အရွယ်သည် မိုခိုသူဦးရေထက် ပိုများသည်ကို တွေ့ရှိရပါသည်။

### ၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမံခန့်ခွဲမှု အခြေအနေ

ထီလင်းကျေးရွာတွင်အဖွဲ့အစည်း(၆)ဖွဲ့ရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းအားလုံးသည် ကျေးရွာလူမှုရေး၊ ဘာသာရေး၊ သာရေးနာရေးစသည်တို့တွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်၍ ကျေးရွာ၏လုပ်ငန်းများတွင် တက်ညီလက်ညီပူးပေါင်းပါဝင်လုပ်ဆောင်ကြသည်။ ယင်းအဖွဲ့များတွင် အမျိုးသမီးများ ပါဝင်လှုပ်ရှားဆောင်ရွက်မှုအသင့်အတင့်ရှိသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် ကျောင်းကော်မတီအဖွဲ့မှ ကျေးရွာမူလတန်းကျောင်း၏ ဖွံ့ဖြိုးရေးကို တက်ညီလက်ညီကူညီ ဆောင်ရွက်ပေးပါသည်။

## ၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး ဇယား:

ထီလင်းကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ သနပ်ဖက်၊ပြောင်းနှင့်စပါးတို့ကို အဓိကစိုက်ပျိုးကြပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်တောင်ယာဖြင့် စိုက်ပျိုးကြပြီး တောင်ယာစပါးကို မိသားစုစားသုံးရန်အတွက်သာ စိုက်ပျိုးကြပါသည်။

ကျေးရွာရှိအိမ်ထောင်စု အများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိပြီး အိမ်ထောင်စု()စုမှာ မြေယာမဲ့ဖြစ်ပါသည်။ အစိုးရဌာနများနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများမှ ချေးငွေချပေးထားခြင်း မရှိသည့်အတွက်စိုက်ပျိုးစရိတ် အရင်းအနှီး မတတ်နိုင်သောကြောင့် မြေယာပိုင်ဆိုင်သလောက် စိုက်ပျိုးနိုင်ခြင်းမရှိပါ။ ပုံမှန်အားဖြင့် ရာသီဥတုအခြေအနေမှန်ကန်မှုပေါ်မူ တည်၍ အထွက်နှုန်းကောင်းသည့် နှစ်ရှိသကဲ့သို့ တစ်ခါတစ်ရံဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။

ကျေးရွာတွင် လက်တွန်းထွန်စက်(၂)စီးနှင့်မြတ်ရိတ်စက် သုံးစွဲနိုင်သောအိမ်ထောင်စု(၂၀)သာရှိပြီး အများစုမှာ မိရိုးဖလာ စိုက်ပျိုးရေး နည်းစနစ်များကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် ပညာဗဟုသုတ အားနည်းခြင်း၊ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်းခြင်းတို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် နည်းပညာများအားနည်းလျက်ရှိပါသည်။ တောင်သူ အများစုသည် စိုက်ပျိုးရေး လုပ်ငန်းခွင်အတွက် ငွေကြေးအရင်းအနှီး မပြည့်စုံမှုနှင့် စိုက်ပျိုးရေးအသိပညာအားနည်းမှု ပြဿနာကိုရင်ဆိုင်ရတက်ပြီး ငွေကြေးအရင်းအနှီး အတွက် သီးနှံပွဲစားများထံမှ အတိုးပေးပြီး ငွေကြေးအရင်းအနှီးများကို ငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားလျက်ရှိပါသည်။ ကျွဲ၊နွားမွေးမြူသူနည်းသဖြင့်သဘာဝမြေဩဇာများကို အနည်းငယ်သာသုံးစွဲနိုင်ပြီး ဓါတ်မြေဩဇာများကို အများဆုံးအသုံးပြုကြပါသည်။ ဓါတ်မြေဩဇာများကို ဟိုပုံးမြို့မဈေးတွင်အလွယ်တကူ

ဝယ်ယူရရှိနိုင်သည်။ ထွက်ကုန်များကို ဟိုပုံးမြို့နှင့် တောင်ကြီးမြို့တွင် ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ ကိုသာအသုံးပြုကြသည်။

**(ခ) မွေးမြူရေးလုပ်ငန်း**

ထီလင်းကျေးရွာတွင် ကျွဲ၊နွား၊ကြက်စသည့်တိရစ္ဆာန်တို့ကို တနိုင်တပိုင်သာ မွေးမြူထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။စိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်ကြသဖြင့် မွေးမြူရေးကိုစီးပွားဖြစ် လုပ်ကိုင်ခြင်းနည်းပါးပါသည်။ မွေးမြူရေးလုပ်ကိုင်ရန် နည်းပညာဝန်ဆောင်မှုများနှင့် စားကျက်မြေ ရှားပါးမှုများသည် အဓိကအခက်အခဲဖြစ်ပါသည်။မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအားနည်း ပါသည်။

နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရရှိသော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် ဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးဆိုင်ရာအဟန့်အတားများအနေဖြင့်ဆင်းရဲသော အိမ်ထောင်စုများသည် မွေးမြူရေးလုပ်ငန်းကိုတိုးချဲ့ ဆောင်ရွက်ရန်ချေးငွေနှင့်နည်းပညာကို အလွယ်တကူ မရရှိနိုင်ချေ။

နိုင်ငံတော်အနေဖြင့်နှစ်ရှည်ချေးငွေများထုတ်ချေးလျှင်အဆင်ပြေနိုင်သည်။ကျေးရွာထဲငွေချေးငှားသူများထံတွင် ချေးငှားလျှင်လည်း အတိုးနှုန်းမြင့်မားပါသည်။ကျေးရွာတွင် ငါးမွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ ကျေးရွာအိမ် တွင်ကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေရလုပ်ငန်းအနေဖြင့်၊ အိမ်ဆိုင်များဖွင့်၍အိမ်ဆိုင်များတွင် စားသောက်ကုန်နှင့် လူသုံးကုန်များနှင့်စက်သုံးဆီများ ရောင်းချကြသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့်အမျိုးအစားအလိုက် တွက်ချေကိုက်မှု မှာ အသင့်အတင့်အနေအထား တွင်ရှိသည်။ လက်လုပ်လက်စားများမှာ စိုက်ပျိုးရာသီတွင် သာအလုပ် အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက် မှုနည်းပါးပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားခြင်းကြောင့် ထိုအခြေအနေမှာကျေးရွာ၏အလားအလာကောင်းတစ်ရပ်ဖြစ်သည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျွန်တို့ကျေးရွာတွင်ငွေကြေးဆိုင်ရာဝန်ဆောင်မှုအနေဖြင့် အစိုးရဌာနများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ချေးငွေချေပေးထားခြင်းမရှိသည့်အတွက်ပွဲစားများထံမှ ချေးပေးသည့်ချေးငွေကို ချေးယူသုံးစွဲကြပါသည်။

## ၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ကားများရှိပါသည်။ ကျေးရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်သော ကြောင့်ပျက်ဆီးမှုများဖြစ်ပေါ်နေပြီး မိုးရာသီတွင်သွားလာရခက်ခဲပါသည်။ ရွာချင်းဆက်လမ်းမှာ ကတ္တရာလမ်းဖြစ်သည့်အတွက် သွားလာရာတွင် အဆင်ပြေမှုရှိကြောင်း တွေ့ရှိရပါ သည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိပြီးဖြစ်သော်လည်း ငွေကြေးမတတ်နိုင်မှုကြောင့် ဓါတ်တိုင်များလုံလောက်မှုမရှိဘဲ အဆင်မပြေသောအိမ်များသည် ဝါးတိုင်များဖြင့်သွယ်တန်း ရပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ထီလင်းကျေးရွာသည် ဆက်သွယ်ရေးတာဝါတိုင်များနှင့် နီးသောကြောင့် ဖုန်းလိုင်းနှင့် အင်တာနက် လိုင်းကောင်းမွန်ပြီးသတင်းနှင့်ဖုန်းဆက်သွယ်ရေး ကောင်းမွန်ပြီး ကျေးရွာ ဖွံ့ဖြိုးရေးအတွက်လည်းအထောက်အကူပြုပါသည်။

## ၇။ ပညာရေး

ထီလင်းကျေးရွာတွင် ကျောင်းတက်သည့်လူဦးရေစုစုပေါင်း(၆၀)ဦးရှိကာကျေးရွာတွင် မူလတန်းကျောင်း ရှိသဖြင့် အလယ်တန်းနှင့်အထက်တန်းအဆင့်သို့တက်ရောက်ရန် ကျေးရွာနှင့်(၂)မိုင်ခန့်ဝေးသော အ.လ.ကဟိုတိသို့ သွားရောက်ပညာ သင်ကြား ရပါသည်။

## ၈။ ကျန်းမာရေး

ကျေးရွာတွင်ယင်လုံအိမ်သာများကို အများဆုံးသုံးစွဲကြပါသည်။ သားဖွားခြင်းနှင့် ဖျားနာပါကကျေးရွာ နှင့်(၄)မိုင်ခန့်ဝေးသော ခိုခြဲကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့်

ဟိုပုံးမြို့ပေါ်ရှိ ဆေးခန်းများနှင့် ဆေးရုံများသို့ သွားရောက်ကုသကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စုများသည် ကျေးရွာအနီး ရေထွက်မှရေကို ပိုက်ဖြင့်သွယ်ယူ လာပြီး ကျေးရွာရေလှောင်ကန်တွင် ထည့်၍ထိုရေကို ရွာသူရွာသားများ သောက်သုံးရေအဖြစ် သုံးစွဲကြရ ပါသည်။ ရေအရည်အသွေး စစ်ဆေးထား ခြင်းမရှိပါ။

## ၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာရှိ ကျေးရွာသူ/သားများသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနည်းများကို သိနားလည်မှုနည်းပါးခြင်းကြောင့် တောမီးရှို့ခြင်း၊စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ထင်းခုတ်ခြင်းကို အဟန့်အတားမရှိ လုပ်ဆောင်နေကြသဖြင့် ရေရှည်တွင် သစ်တောများပြုန်းတီးခြင်း၊ သဘာဝတိရိစ္ဆာန်မျိုးတုံးခြင်း၊ရေရှားပါးလာခြင်း၊စိုက်ပျိုးမြေအက်စစ်ဓါတ်လွန်ကဲခြင်းကြောင့် မြေဆီလွှာပျက်စီးခြင်းတို့ဖြစ်ပေါ်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေ ဖြင့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အလွန်အားနည်းပါသည်။

## ၁၀။ ကျား–မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုရှိပါသည်။ မိမိတို့ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအား နည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

## ၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံးညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာပါဝင်လုပ် ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန်နေရာများ မရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်လိုအပ်လျက်ရှိပါသည်။

## ၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များဖွဲ့စည်း ထားခြင်းမရှိပါ။ မြို့နှင့်ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှအသိပညာပေးဟောပြောပွဲ

များကဲ့သို့ ဝန်ဆောင်မှုများမရှိပါ။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွားမှုမရှိပါ။

## ၁၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| စဉ် | စီမံချက် ( Project ) | ဦးစားပေးအဆင့် | ၂၀၂၂-၂၀၂၃ | ၂၀၂၃-၂၀၂၄ | ၂၀၂၄-၂၀၂၅ | ၂၀၂၅-၂၀၂၆ | ၂၀၂၆-၂၀၂၇ |
|---|---|---|---|---|---|---|---|
| ၁ | ဘက်စုံသုံးခန်းခန်းမ | ၁ | ✓ | | | | |
| ၂ | ရွာတွင်းလမ်းပြုပြင်ရန် | ၂ | | ✓ | ✓ | ✓ | ✓ |
| ၃ | ကုန်ထုတ်လမ်းပြုပြင်ရန် | ၃ | | ✓ | ✓ | ✓ | ✓ |
| ၄ | ချေးငွေရရှိရန် | ၄ | | ✓ | ✓ | ✓ | ✓ |
| ၅ | အုတ်ရေလှောင်ကန်နှင့်ရေပိုက် | ၅ | | ✓ | ✓ | ✓ | ✓ |
| ၆ | စိုက်ပျိုးမွေးမြူရေးနည်းပညာသင်တန်း | ၆ | | ✓ | ✓ | ✓ | ✓ |
| ၇ | အသက်မွေးဝမ်းကျောင်းသင်တန်း | ၇ | | ✓ | ✓ | ✓ | ✓ |

## အပိုင်း (ခ)

## စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

**စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ ( Project Profile )**

| |
|---|
| ကျေးရွာ – ထီလင်းကျေးရွာ<br>ကျေးရွာအုပ်စု – စငေါအုပ်စု<br>မြို့နယ် – ဟိုပုံးမြို့နယ်<br>တိုင်း/ပြည်နယ် – ရှမ်းပြည်နယ်တောင်ပိုင်း |
| **စီမံချက်အမည် –ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း** |
| **စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ**<br>ထီလင်းကျေးရွာတွင် သာရေး၊နာရေး၊လူမှုရေးကိစ္စများဆောင်ရွက်ရန်နေရာ မရှိသောကြောင့် ကျေးရွာပိုင်ဘက်စုံသုံးခန်းမဆောက်လုပ်ရန် လိုအပ်လျက် ရှိပါသည်။ |
| **စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)**<br>ကျေးရွာသူ/သားများ လူမှုရေး၊သာရေး/နာရေးကိစ္စများ ရပ်ရေး၊ရွာရေးကိစ္စများလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပါသည်။ |
| **မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုးကျေးဇူးများ )**<br>ကျေးရွာတွင် ဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးပါက ကျေးရွာသူ/သားများ၊ရပ်ရေးရွာရေးကိစ္စများ ပိုမိုဆောင်ရွက်နိုင်ခြင်းကြောင့် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လာနိုင်ပါမည်။ |
| **စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည် )**<br>ကျေးရွာပိုင်ဘက်စုံသုံးခန်းမဆောက်လုပ်ခြင်း<br>၄၀’x၃၀’x၁၂’ |
| **စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု** |

| ခန့်မှန်းကုန်ကျစရိတ် (ကျပ်) | ထည့်ဝင်မည့် အစီအစဉ် |
|---|---|
| • (ငွေသား) ကျပ် (၁၀၀) သိန်း<br>•<br>• (ပစ္စည်း/လုပ်အား) ကျပ်သန်း(၇.၁၄၀) | • ကျေးလက်ဦးစီး<br>• ကျေးရွာ<br>• ကျေးရွာ |

| အကျိုးခံစားသူဦးရေ | လူဦးရေ | | | ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ) | | | | |
|---|---|---|---|---|---|---|---|---|
| | ကျား | မ | ပေါင်း | ၁ | ၂ | ၃ | ၄ | ပေါင်း |
| ကျေးရွာအဆင့် | ၁၅၆ | ၁၈၉ | ၃၄၅ | ၁၂ | ၁၇ | ၇ | ၄၁ | ၇၇ |
| အကျိုးခံစားမည့်သူဦးရေ | ၁၅၆ | ၁၈၉ | ၃၄၅ | ၁၂ | ၁၇ | ၇ | ၄၁ | ၇၇ |
| မှတ်ချက်။ ချောင်လည်အဆင့် - ၁ ၊ အလယ်အလတ်အဆင့် -၂ ၊ ဆင်းရဲ-၃ ၊ အလွန်ဆင်းရဲ - ၄ | | | | | | | | |

**စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

| |
|---|
| (၁) **တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း ( များ )**<br>- ကျေးရွာဖွံ့ဖြိုးရေးကော်မတီ<br>- ကျေးရွာလူငယ်အဖွဲ့<br>- ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| (၂) **စီမံချက်စတင်မည့် အချိန်ခန့်မှန်း** - ဧ.၂၀၂၂ |
| (၃) **စီမံချက် ပြီးစီးမည့် အချိန်** - ၃၁.၁၂.၂၀၂၂ |
| (၄) **ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် -**<br>ကျေးရွာမှအဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီးတစ်အိမ်တစ်ယောက်လုပ်အားပါဝင်ပေးရမည်ဖြစ်ပါသည်။ အမှန်တကယ်လုပ်အားပါဝင်ပေးနိုင်ခြင်းမရှိပါက ငွေကြေးမဖြစ်မနေပါဝင်ပေးရမည်ဖြစ်ပါသည်။ |

**(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ**

ကျေးရွာပိုင်ဘက်စုံသုံးခန်းမအား ရေရှည်တည်တံ့စေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းကာ ပျက်ဆီးမှုများရှိပါက အချိန်နှင့်တပြေးညီပြန်လည်ပြင်ဆင် သွားမည်။ လိုအပ်ပါက ကျေးရွာမှ အလှူငွေများကောက်ခံကာ ပြုပြင်ခြင်းများ ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

စငေါကျေးရွာအုပ်စု၊ ထီလင်းကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | တာဝန် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ခွန်ဂန္ဓမာ | ၁၃/ဟပန(နိုင်) ဝ၆ဝ၄ဝ၅ | ဥက္ကဋ္ဌ | ချက်လက်မှတ်ထိုး |
| ၂။ | ခွန်မောင်အေး | ၁၃/ဟပန(နိုင်) ဝ၂ဂ၉ဝ၁ | အတွင်းရေးမှူး | ချက်လက်မှတ်ထိုး |
| ၃။ | ခွန်မောင်မာ | ၁၃/ဟပန(နိုင်) ၁၁ဂ၄၃၁ | ဝယ်/ဥက္ကဋ္ဌ | ချက်လက်မှတ်ထိုး |
| ၄။ | ဦးမောင်ဗိုက် | ၁၃/ဟပန(နိုင်) ဝ၁၉၃ဂ၄ | ဘဏ္ဍာရေးမှူး | |
| ၅။ | နန်းငဲ့ဆွဲ | ၁၃/ဟပန(နိုင်) ၁၁၂၁ဝ၁ | အဖွဲ့ဝင် | |
| ၆။ | နန်းငဲ့ပြုံး | ၁၃/ဟပန(နိုင်) | အဖွဲ့ဝင် | |
| ၇။ | နန်းမိုးအိန္ဒြာထွေး | ၁၃/ဟပန(နိုင်) | စာရင်းကိုင် | |

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၈ | ၁၇ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၆ | ၂၁ | ၃၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၈ | ၂၁ | ၂၉ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၁၈ | ၁၃၁ | ၂၄၉ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃ | ၆ | ၉ | ၁ | |
| စုစုပေါင်း | | ၁၅၆ | ၁၈၉ | ၃၄၅ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၇၇ | | | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်ငင်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ထိလင်းကျေးရွာတွင်အိမ်ထောင်စု(၇၇)စုနှင့်လူဦးရေပေါင်း(၃၄၅)ဦးရှိပါသည်။အလုပ် လုပ်နိုင်သူဦးရေမှာ ကျေးရွာ လူဦးရေ၏(၇၂%)ခန့်ရှိပြီးကျေးရွာစီးပွားဖွံ့ဖြိုးတိုးတက်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၇ | | ၂၀ | | | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၅၀ | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဝေဝေဆာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၀ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၃ | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုငေေ ျာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။။** ။ထိလင်းကျေးရွာတွင် လက်သမားပန်းရံစသော လုပ်ငန်းလုပ်ကိုင်သူအနည်းငယ်များပြားပြီးအိမ်ဆိုင်(၃)ဆိုင်ရှိကာ အခြားအ သက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ခြင်းမရှိဘဲ စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်လျက်ရှိ ကြောင်း တွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၃၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ | နေ့စား | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | ပန်းရံလုပ်ငန်း | | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ထီလင်းကျေးရွာတွင် တောင်ယာလုပ်ငန်းများ၌ကျား/မလုပ်အားခနှုန်းအနည်းငယ်ကွာခြားပြီး (၅၀၀၀/၄၀၀၀)ဝန်း ကျင်သာရရှိပြီးဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းတွင် အမျိုးသမီးများမလုပ်ကိုင်၍ အမျိုးသားအများဆုံးနေ့စားမှာ (၉၀၀၀)ကျပ်ဖြစ်ပြီးအနည်းဆုံးနေ့စားမှာ (၆၀၀၀)ကျပ်ရရှိသော ကြောင့် လုပ်အားခရရှိနှုန်းမှာ အလွန်နည်းပါး၍ နေ့စားလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် ခက်ခဲသည့်အခြေအနေရှိကြောင်းတွေ့ရှိရပါသည်။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ–၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) | | |
|---|---|---|---|---|
| လယ်မြေ | | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ယာမြေ/တောင်ယာမြေ | | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| ခနိတောမြေ | | ကောင်း ☐ | သင့်☐ | ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ | သင့်☑ | ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ | သင့်☐ | ညံ့ ☑ |
| စုစုပေါင်း | ၁၇၆ | ☒ | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ယာမြေ/တောင်ယာမြေနှင့်ဥယျာဉ်ခြံမြေ(၁၇ဖြ) ဧကခန့်သာရှိပါသည်။ ယာ၊တောင်ယာနှင့်ဥယျာဉ်ခြံမြေကိုသာအဓိကလုပ်ကိုင်ကြပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | ☒ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ - မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့် ☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက် ☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့် ☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☑ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော - ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာသည်မြေပြန့်ဒေသဖြစ်ပြီး ကျေးရွာမှ ပိုင်ဆိုင်သော ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များမရှိပါ။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိေသာအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၂ | ၁၇ | ၇ | ၄၁ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။
လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၁၇)စုအများဆုံးဖြစ်သည်။အလွန်မပြေလည်သော အိမ်ထောင်စု အနေဖြင့်(၄၁)စုရှိကြောင်းတွေ့ရှိရဖြင့် ကျေးရွာသည်စီးပွားရေးအရကြပ်တည်းသော ကျေးရွာဖြစ်ကြောင်းတွေ့ရ ပါသည်။မြေယာပိုင်ဆိုင်မှုအသင့်အတင့်ရှိသော်လည်း ငွေကြေးအရင်းအနှီးမလုံ လောက်မှုကြောင့် ပိုင်ဆိုင်သည့်မြေယာ အားလုံးစိုက်ပျိုးနိုင်မှုမရှိခြင်းကြောင့် အဆင်မပြေသောအိမ်ထောင်စု များပြားကြောင်းတွေ့ရှိရ ပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | | ၁၄ | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____✓<br>လုပ်အားခကြိုယူ = ____✓_____ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____✓____<br>လုပ်အားခကြိုယူ = _____✓___ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = _____<br>အစာလျှော့စား = _____<br>အထောက်အပံ့ယူ = _____<br>ချေးယူ = _____✓_____ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | လုပ်အားခကြိုယူ = _____✓_____ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ထိလင်းကျေးရွာတွင်ရှိသော အဆင်မပြေသည့်အိမ်ထောင်စုများသည် နေ့စားခ နည်းပါးခြင်း၊ မြေယာအနည်းငယ်ရှိသော်လည်း စိုက်ပျိုးရေးစရိတ်မတတ်နိုင်ခြင်းတို့ကြောင့် ပို၍အဆင်မပြေဖြစ်ကြပြီး လုပ်အားခ ကြိုယူခြင်း၊ငွေချေးယူခြင်းနည်းလမ်းများဖြင့် ဝမ်းစာကိုပြေလည်အောင်ဖြေရှင်းနေရသည်ကို တွေ့ရှိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၁၄ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိလင်းကျေးရွာတွင် ဆင်းရဲ၍မိသားစုဦးရေများသောအိမ်ထောင်စု (၁၄)စုရှိပြီး လက်ရှိမြင့်တက်နေသော ကုန်ဈေးနှုန်းကြောင့် အလွန်ခက်ခဲသောအခြေအနေဖြစ်နေပါသည်။

(c-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂ | လျှပ်တပြတ်ရေကြီးခြင်း | | | | | | |
| ၃ | မုန်တိုင်းဒီရေ | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |
| ၇ | ငလျင် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | ✓ | | ✓ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | ✓ | | |
| ၁၂ | မိုးခေါင်ခြင်း | | | | | | |
| ၁၃ | တောမီးလောင်ခြင်း | | | ✓ | ✓ | | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | | | | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | | | | | |
| ၁၆ | မြေပြိုခြင်း | | ✓ | | ✓ | | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | ✓ | | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | | ✓ | | ✓ | | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | ✓ | | |
| ၂၁ | ငှက်ဖျားရောဂါ | | | | | | |
| ၂၂ | တီဘီရောဂါ | | | | | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | | | | | | |
| ၂၄ | ကပ်ရောဂါ | | | | | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | | | | | | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | ✓ | | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေးခက်ခဲခြင်းစသည် | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။
မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင် ၂၅အိမ်ထောင်စုအောက် - နိမ့် အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀အိမ်ထောင်စု - လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် - မြင့်) လေ့လာတွေ့ရှိချက်။ ။ထိလင်းကျေးရွာတွင် အိမ်ထောင်စု(၇၇)စုရှိသည့်အနက်ဆင်းရဲသောအိမ်ထောင်စု များမှာ ဆင်းရဲနွမ်းပါးမှုနှင့်လူဦးရေတိုးပွားလာမှုတို့ကြောင့်စားနပ်ရိက္ခာမလုံလောက်မှုနှင့် လက်ရှိဖြစ်ပွားနေသည့် ကူးစက်ရောဂါနှင့်မြင့်တက်နေသောကုန်ဈေးနှုန်းကြောင့် ထိခိုက်သက်ရောက်မှုရှိသည့် အိမ်ထောင်စု အတော်များသည်ကို တွေ့ရှိရပါသည်။

(c-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | | ✓ | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | | ✓ | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | | | | | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | | | | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | | | | | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | | | | | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | | | | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | ✓ | | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | | ✓ | | ✓ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဧရိယာတွင်နေထိုင်သူများ | | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | | | | | | |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | | | | | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ထိလင်းကျေးရွာတွင် လူငယ်၊ဆင်းရဲသည့်အိမ်ထောင်စုများနှင့် ဆင်းရဲသား တောင်သူများသည် စားနပ်ရိက္ခာမဖူလုံမှုနှင့် လက်ရှိဖြစ်ပွားနေသည့် COVID-19ရောဂါကြောင့် ထိခိုက်သက်ရောက်သည့် အခြေအနေမြင့်မားသည်ကိုတွေ့ရပြီး လူငယ်များအနေဖြင့် ကျောင်းမတက်ရခြင်းကြောင့် ပညာရေးနောင့်နှေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ နောင့်နှေးခြင်းကြောင့် ဝင်ငွေမရှိခြင်းနှင့် ဆင်းရဲသည့် အိမ်ထောင်စုများနှင့် ဆင်းရဲသားတောင်သူများသည် အလုပ်အကိုင်များ အဆင်မပြေဖြစ်ပြီး သီးနှံဈေးကွက်မရှိမှု ကြောင့် ဝင်ငွေမရှိခြင်းတို့ ဖြစ်ပေါ်နေပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိရပ်ဖ | ၁□/☑၂☑ | ၁၀ | ၅ | ၁၅ | ပညာရေး☑ငွေကြေး□ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း□<br>သင့်☑<br>ညံ့□ |
| ၂ | ကျောင်းကော်မတီ | ၁□/☑၃□ | ၁၀ | | ၁၀ | ပညာရေး☑ငွေကြေး□<br>ကျန်းမာရေး☑ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း□<br>သင့်☑<br>ညံ့□ |
| ၃ | ဆယ်အိမ်မှူး | ၁□/☑၃☑ | ၇ | | ၇ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်☑<br>ညံ့□ |
| ၄ | လူငယ်အဖွဲ့ | ၁□/☑၃□ | ၂၀ | ၁၅ | ၃၅ | ပညာရေး□ငွေကြေး☑<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်☑<br>ညံ့□ |
| ၅ | ဘုန်းတော်ကြီးဝေယျာဝစ္စအဖွဲ့ | ၁□/□၃□ | ၁၅ | ၅ | ၂၀ | ပညာရေး☑ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်☑<br>ညံ့□ |
| ၆ | VDP ကော်မတီ | ၁□/□၃□ | ၄ | ၃ | ၇ | ပညာရေး□ငွေကြေး☑<br>ကျန်းမာရေး☑ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း□<br>သင့်☑<br>ညံ့□ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၇ | ကျန်းမာရေးအဖွဲ့ | ၁☐၂☐၃☐ | ၁၀ | ၅ | ၁၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☑ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၈ | လူငယ်အဖွဲ့ | ၁☐၂☐၃☐ | ၁၅ | ၂၀ | ၂၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☑ | ကောင်း☐<br>သင့်☑<br>ညံ့☐ |
| ၉ | ဘုန်းကြီးကျောင်းဝေယျာဝစ္စအဖွဲ့ | ၁☐၂☐၃☐ | ၁၀ | ၁၀ | ၂၀ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☑<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☑<br>ညံ့☐ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်။** ။ထိုလင်းကျေးရွာတွင်အဖွဲ့အစည်း(၆)ဖွဲ့ရှိပြီးစွမ်းဆောင်နိုင်မှုအသင့်အတင့်ရှိပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့သည် ကျေးရွာ၏သာရေး/နာရေးကိစ္စရပ်များတွင်ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊လူမှုရေးနှင့် ကျေးရွာရှိဖြစ်သမျှကိစ္စရပ်များအားဦးဆောင်ဖြေရှင်းကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဧယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | | ၁□၂□၃□၄□၅☑၆□ | ပညာရေး☑ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၂ | | ၁□၂□၃□၄□၅☑၆□၇□ | ပညာရေး☑ငွေကြေး□<br>ကျန်းမာရေး☑ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၃ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၄ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၅ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |
| ၆ | | ၁□၂□၃□၄□၅□၆□၇□ | ပညာရေး□ငွေကြေး□<br>ကျန်းမာရေး□ဘာသာရေး□<br>စိုက်ပျိုးမွေးမြူရေး□<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှဒေသအကျိုး၊ပြည်သူ့အကျိုးကိုထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့်ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသောအဖွဲ့အစည်း၊အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏သမဝါယမအသင်း၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင်

ထည့်သွင်းဖော်ပြခြင်းမပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာဖွံ့ဖြိုးရေးအတွက်ပြင်ပအဖွဲ့အစည်းများမှ လာရောက်ကူညီခြင်းမျိုးမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | | | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၂၂ | ၁၉ | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၆ | ၁ | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၁၅ | ၂ | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | ၁၁ | ၁ | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၅၄ | ၂၃ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်(၁၂.၅)ဧကအထက်လုပ်ကိုင်သောအိမ်ထောင်စု(၁၂)စု၊(၅ဧကမှ ၁၂.၅)ဧကကြား(၁၇) အိမ်ရှိပြီးစု၊(၂.၅ဧကမှ ၅ဧက) တောင်သူ ငယ်အိမ်ထောင်စု(၇)စု၊(၂.၅)ဧကအောက်ရှိသည့် ဆင်းရဲသားတောင်သူ (၄၁)စု၊ ရှိသည်ကိုတွေ့ရှိရပြီး ဆင်းရဲသားတောင်သူ များပြားကြောင်း တွေ့ရှိရပါသည်။

(၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၃ | မြစ်ရေတင် | | တစ်နှစ်ပတ်လုံး□ရာ | ရှိ□မရှိ□မဖြေဆိုပါ | လျော့□တိုး□ |

| စဉ် | အရင်းအမြစ် | ရေသောက်(ကေ) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | တစ်နှစ်ပတ်လုံး/ရာသီအလိုက်(မှန်ရာတစ်ခုကိုသာရွေးရန်) | လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
| | စီမံကိန်း | | သီအလိုက်□ မဖြေဆိုပါ□ | □ | အပြောင်းအလဲမရှိ□ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၆ | လက်ငင်းရေတွင်း | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၇ | စိမ့်စမ်းရေ | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်□ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ□ | လျော့□တိုး□ အပြောင်းအလဲမရှိ□ |
| ၈ | ချောင်းရေ | | တစ်နှစ်ပတ်လုံး□ရာသီအလိုက်☑ မဖြေဆိုပါ□ | ရှိ□မရှိ□မဖြေဆိုပါ☑ | လျော့☑တိုး□ အပြောင်းအလဲမရှိ□ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ထိလင်းကျေးရွာတွင် ရေသွင်းစိုက်ပျိုးသောသီးနှံမရှိပါ။

(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ကေ | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| ပြောင်း | ၈၀ | ဝိဿာ | | | | | | မြင့်☑လတ်□ နိမ့်□ | မြင့်□လတ်☑ နိမ့်□ | မြင့်□လတ်☑ နိမ့်□ |
| စပါး | ၈၉ | အိတ် | | | | | | မြင့်□လတ်☑ နိမ့်□ | မြင့်□လတ်□ နိမ့်☑ | မြင့်□လတ်□ နိမ့်☑☑ |
| သနပ်ဖက် | ၇ | ဝိဿာ | | | | | | မြင့်☑လတ်□ နိမ့်□ | မြင့်□လတ်☑ နိမ့်□ | မြင့်□လတ်☑ နိမ့်□ |
| | | | | | | | | မြင့်□လတ်□ | မြင့်□လတ်□ | မြင့်□လတ်□ |

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ကေအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| | | | | | | | | နိမ့်□ | နိမ့်□ | နိမ့်□ |
| | | | | | | | | မြင့်□လတ်□ နိမ့်□ | မြင့်□လတ်□ နိမ့်□ | မြင့်□လတ်□ နိမ့်□ |
| | | | | | | | | မြင့်□လတ်□ နိမ့်□ | မြင့်□လတ်□ နိမ့်□ | မြင့်□လတ်□ နိမ့်□ |

**ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထီလင်းကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံများမှာ ပြောင်း၊စပါး၊သနပ်ဖက်ကို စိုက်ပျိုးကြပြီး အထွက်နှုန်းမှာ အသင့်အတင့်ရှိပါသည်။

(၄) လယ်ယာသုံးစက်ကိရိယာများ

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| ထွန်စက် | | | | |
| လက်တွန်းထွန်စက် | ၃ | | | |
| အစေ့ချကိရိယာ | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | |
| ရိတ်သိမ်းစက် | | | | |
| ခြွေလှေ့စက် | | | | |
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| မြက်ရိတ်စက် | ၃၅ | | | |

**ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ထီလင်းကျေးရွာတွင်လက်တွန်းထွန်စက်(၃)စီးနှင့်မြက်ရိတ်စက်(၃၅)ခု သာရှိပြီး တောင်ယာလုပ်ငန်း လုပ်ကိုင်သူအများစုမှာ မိရိုးဖလာ နည်းအတိုင်း ကျွဲ၊နွားများကို အသုံးပြု၍ စိုက်ပျိုးကြကြောင်း တွေ့ရှိရပါသည်။

(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ

